
# ပို့ဆောင်ရေးဝန်ကြီးဌာန
# မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
# နေပြည်တော်

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(ပထမ) ဆယ်ရက်ပတ်အတွင်း
မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၆ ခုနှစ်၊
ဇူလိုင်လ (ဒုတိယ) ဆယ်ရက်ပတ်အတွက်
မိုးလေဝသခန့်မှန်းချက်


စိုက်ပျိုးရေး
မိုးလေဝသ
ဌာနခွဲ












၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း
တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရေချိန်များပြပုံ
(မီလီမီတာ)

# ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ( ပထမ) ဆယ်ရက်ပတ်အတွင်း မိုးလေဝသအခြေအနေအကျဉ်းချုပ်နှင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ဒုတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေများပေါ် မူတည်၍ စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသအချက်အလက်များ အကျဉ်းချုပ်ကို အောက်ပါအတိုင်းဆန်းစစ် ဖော်ပြအပ်ပါသည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

၂-၇-၂၀၂၆ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ ဩရိသပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ၄-၇-၂၀၂၆ ရက်နေ့တွင် အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း ၅-၇-၂၀၂၆ ရက်နေ့တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိခဲ့ပါသည်။ အဆိုပါမုန်တိုင်းငယ်သည် ၆-၇-၂၀၂၆ ရက်နေ့တွင် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဩရိသပြည်နယ်မြောက်ပိုင်းကမ်းခြေကို ဘာလဆောမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ကာ အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဂျက်ခမ်းပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ်ကုန်းတွင်းပိုင်းသို့ ရောက်ရှိခဲ့ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းခဲ့ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ခဲ့ပါသည်။

## မိုးရွာသွန်းမှုအခြေအနေ

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှုအခြေအနေများမှာ- ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်ခန့်သာရှိခဲ့ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ပျမ်းမျှမိုးရေချိန်တို့ထက် ပိုခဲ့ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှမိုးရေချိန်တို့အောက် လျော့နည်းခဲ့ပါသည်။

***မိုးရွာရက်များအနေဖြင့်-*** မန္တလေးတိုင်းဒေသကြီး(မိုးကုတ်မြို့)၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း(ခန္တီးမြို့) ဧရာဝတီတိုင်းဒေသကြီး(ဟင်္သာတမြို့)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်(ပူတာအိုမြို့)၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၉)ရက်မှ (၁၀)ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး(အောင်လံမြို့)၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်(၈)ရက်စီနှင့် နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း(ကန့်ဘလူမြို့)တို့တွင် (၅)ရက်မှ (၆)ရက် မိုးထစ်ချုန်းရွာသွန်းခဲ့ပါသည်။

## အမြင့်ဆုံးအပူချိန်အခြေအနေ

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(နေ့အပူချိန်)*** အခြေအနေများမှာ- နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံး အပူချိန်ခန့်သာရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ထက် (၅)ဒီဂရီဖာရင်ဟိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့်

မွန်ပြည်နယ်တို့တွင် (၃)ဒီဂရီဖာရင်ဟိုက်စီနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင်(၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်တို့အောက် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ပါသည်။

## အနိမ့်ဆုံးအပူချိန်အခြေအနေ

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(ညအပူချိန်)*** အခြေအနေများမှာ– စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်ခန့်သာရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့ထက် (၃)ဒီဂရီဖာရင်ဟိုက်မှ (၄)ဒီဂရီဖာရင်ဟိုက်အထိနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ ပိုခဲ့ကာ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်၏ ပျမ်းမျှအနိမ့်ဆုံးအပူချိန်တို့အောက် (၁)ဒီဂရီဖာရင်ဟိုက်မှ (၂)ဒီဂရီဖာရင်ဟိုက်အထိ လျော့နည်းခဲ့ပါသည်။

## လေထုအတွင်းရေငွေ့ပါဝင်မှုအခြေအနေ

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(လေထုစိုထိုင်းဆ)*** အခြေအနေများမှာ- မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (၇၂%)မှ (၇၉%)အတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၈၀%)မှ (၈၉%)အတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် (၉၀%)မှ (၉၈%)အတွင်း အသီးသီးရှိခဲ့ပါသည်။

## ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(ပင်ငွေ့ရေငွေ့ပျံနှုန်း)*** အခြေအနေများမှာ- ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၁၂ မီလီမီတာ)မှ (၂၂ မီလီမီတာ)အတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီ၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၂၃ မီလီမီတာ)မှ (၃၄ မီလီမီတာ)အတွင်း၊ မန္တလေးတိုင်းဒေသကြီးတွင် (၄၄ မီလီမီတာ)နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် (၄၆ မီလီမီတာ) အသီးသီးရှိခဲ့ပါသည်။

*(ဖြစ်နိုင်ခြေစွမ်းပင်ငွေ့ရေငွေ့ပျံနှုန်းအား* **HARGREAVES METHOD** *ဖြင့် တွက်ချက်ထားပါသည်။)*

## မြေဆီလွှာအောင်းရေအခြေအနေ

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း ***(မြေဆီလွှာစိုစွတ်မှု)*** အခြေအနေများမှာ- နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ

တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ မကွေးတိုင်းဒေသကြီးတွင် (စိုစွတ်)အခြေအနေနှင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိခဲ့ပါသည်။

## ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ဒုတိယ)ဆယ်ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

## မိုးအခြေအနေ

မိုးရွာသွန်းမှုအခြေအနေမှာ- နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

## မိုးရွာရက်

မိုးရွာရက်အနေဖြင့်- နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ**

**နောက်ဆက်တွဲ(က)**

## ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆနှင့် ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေနှင့် ပျမ်းမျှမှကွာဟချက်

| စဉ် | ပြည်နယ်/တိုင်း ဒေသကြီး | မြို့ | မိုးရေချိန် | ပျမ်းမျှမှ ကွာဟချက် | မိုးရွာ ရက် | အမြင့်ဆုံး အပူချိန် (ဒီဂရီဖာရင်ဟိုက်) | | အနိမ့်ဆုံး အပူချိန် (ဒီဂရီဖာရင်ဟိုက်) | | စိုထိုင်းဆ(%) | | ပင်ငွေ့ ရေငွေ့ ပျံနှုန်း(မမ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | (မမ) | (%) | | အမှန် | ကွာဟ ချက် | အမှန် | ကွာဟ ချက် | အမှန် | ကွာဟ ချက် | အမှန် | ကွာဟ ချက် |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၁၂၀ | -၃၂ | ၇ | ၈၈ | ၁.၃ | ၇၄ | -၂.၅ | ၈၉ | -၂ | ၃၀ | ၆ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၁၇၁ | ၇၄ | ၉ | ၇၂ | -၁.၁ | ၅၉ | -၁.၉ | ၉၈ | ၇ | ၁၂ | -၈ |
| ၃။ | ရှမ်းပြည်နယ် (မြောက်) | လားရှိုး | ၁၇၁ | ၁၆၈ | ၈ | ၈၃ | -၂.၂ | ၇၂ | -၀.၁ | ၉၁ | ၁၀ | ၂၃ | -၁၀ |
| ၄။ | ရှမ်းပြည်နယ် (တောင်) | တောင်ကြီး | ၉၃ | ၇၉ | ၈ | ၇၅ | -၁.၅ | ၆၅ | ၀.၆ | ၈၉ | ၃ | ၂၁ | -၄ |
| ၅။ | ရှမ်းပြည်နယ် (အရှေ့) | ကျိုင်းတုံ | ၁၁၆ | ၁၀၅ | ၈ | ၈၄ | -၁.၈ | ၇၂ | ၁.၉ | ၇၉ | -၂ | ၃၂ | -၃ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၆၉ | ၅၆ | ၈ | ၈၃ | -၀.၁ | ၆၉ | -၀.၄ | ၈၆ | ၁ | ၂၄ | ၀ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၄၅၄ | ၃၆ | ၁၀ | ၈၇ | ၁.၈ | ၇၅ | ၀.၅ | ၉၀ | -၃ | ၂၅ | ၄ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၃၅၈ | -၈ | ၁၀ | ၈၈ | ၂.၇ | ၇၆ | ၁.၄ | ၉၂ | ၁ | ၂၃ | ၁ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၆၉၂ | ၄၈ | ၁၀ | ၈၅ | -၀.၅ | ၇၇ | ၁.၇ | ၉၄ | ၂ | ၁၇ | -၄ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၁၃၂ | ၁၀၉ | ၆ | ၈၉ | -၀.၃ | ၇၇ | ၁.၇ | ၈၇ | ၁ | ၂၉ | -၃ |
| ၁၁။ | မန္တလေးတိုင်း ဒေသကြီး | မန္တလေး | ၈ | -၉ | ၁ | ၉၆ | -၀.၅ | ၈၁ | ၁.၇ | ၇၂ | ၁ | ၄၄ | -၄ |
| ၁၂။ | စစ်ကိုင်းတိုင်း ဒေသကြီး(အထက်) | ဟုမ္မလင်း | ၅၉ | ၄ | ၄ | ၉၀ | ၂.၉ | ၇၅ | -၀.၉ | ၉၀ | ၇ | ၃၀ | -၆ |
| ၁၃။ | စစ်ကိုင်းတိုင်း ဒေသကြီး(အောက်) | မုံရွာ | Trace | -၁၀၀ | ၀ | ၉၆ | -၂.၅ | ၇၉ | -၀.၂ | ၇၄ | ၀ | ၄၆ | -၄ |
| ၁၄။ | မကွေးတိုင်း ဒေသကြီး | မကွေး | ၁၀၀ | ၁၃၃ | ၆ | ၉၁ | -၁.၀ | ၇၈ | ၃.၉ | ၈၃ | ၂ | ၃၄ | -၇ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၁၆၃ | -၃၄ | ၁၀ | ၈၈ | ၁.၃ | ၇၇ | ၃.၅ | ၉၃ | ၃ | ၂၃ | -၄ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၁၅၉ | ၁၀ | ၁၀ | ၈၇ | ၀.၁ | ၇၄ | -၀.၇ | ၉၂ | ၂ | ၂၄ | -၁ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၁၁၁ | ၅၄ | ၇ | ၈၈ | -၀.၉ | ၇၅ | -၁.၄ | ၉၁ | ၄ | ၂၆ | -၃ |
| ၁၈။ | ရန်ကုန်တိုင်း ဒေသကြီး | ရန်ကုန် | ၁၂၈ | -၃၈ | ၈ | ၉၀ | ၂.၇ | ၇၇ | ၃.၈ | ၈၅ | -၄ | ၃၁ | ၃ |
| ၁၉။ | ဧရာဝတီတိုင်း ဒေသကြီး | ပုသိမ် | ၈၆ | -၅၉ | ၆ | ၉၀ | ၃.၀ | ၇၄ | -၁.၅ | ၈၈ | -၃ | ၃၂ | ၈ |
| ၂၀။ | တနင်္သာရီတိုင်း ဒေသကြီး | ထားဝယ် | ၃၁၁ | -၁၈ | ၉ | ၈၉ | ၄.၈ | ၇၅ | ၂.၇ | ၈၉ | -၄ | ၂၈ | ၇ |

**"Trace "- မိုးရွာသော်လည်း တိုင်းထွာရေတွက်နိုင်သော မိုးရေချိန်ပမာဏမရှိပါ။**

**မိုးရေချိန် အကြားရှိပါက ပျမ်းမျှခန့်ဟု(%၂၀+) နှင့်(%၂၀-)သတ်မှတ်ပါသည်။**

**၂၄နာရီအတွင်း ရွာသွန်းသော မိုးရေချိန် (၂မီလီမီတာနှင့်အထက်) မိုးရွာရက်ရက်ဟုသတ်မှတ်ပါသည်။(၁)**

**နောက်ဆက်တွဲ(ခ)**

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ပထမ)ဆယ်ရက်ပတ်အတွင်း မြေဆီလွှာစိုစွတ်မှုအခြေအနေ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မိုးရေချိန် | ဖြစ်နိုင်စွမ်း ပင်ငွေ့ ရေငွေ့ ပျံနှုန်း | အမှန် ပင်ငွေ့ ရေငွေ့ ပျံနှုန်း | မြေဆီလွှာစိုစွတ်မှု အခြေအနေ(မမ) | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | (မမ) | (မမ) | (မမ) | စုဆောင်း | ပိုရေ | လိုရေ | |
| ၁။ | ကချင်ပြည်နယ် | ၁၂၀ | ၃၀ | ၃၀ | ၁၀၀ | ၉၀ | ၀ | ပြည့်ဝ |
| ၂။ | ချင်းပြည်နယ် | ၁၇၁ | ၁၂ | ၁၂ | ၁၀၀ | ၁၅၉ | ၀ | ပြည့်ဝ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | ၁၇၁ | ၂၃ | ၂၃ | ၁၀၀ | ၉၈ | ၀ | ပြည့်ဝ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | ၉၃ | ၂၁ | ၂၁ | ၁၀၀ | ၅၉ | ၀ | ပြည့်ဝ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ၁၁၆ | ၃၂ | ၃၂ | ၉၇ | ၀ | ၀ | ပြည့်ဝ |
| ၆။ | ကယားပြည်နယ် | ၆၉ | ၂၄ | ၂၄ | ၁၀၀ | ၃၀ | ၀ | ပြည့်ဝ |
| ၇။ | ကရင်ပြည်နယ် | ၄၅၄ | ၂၅ | ၂၅ | ၁၀၀ | ၄၂၉ | ၀ | ပြည့်ဝ |
| ၈။ | မွန်ပြည်နယ် | ၃၅၈ | ၂၃ | ၂၃ | ၁၀၀ | ၃၃၅ | ၀ | ပြည့်ဝ |
| ၉။ | ရခိုင်ပြည်နယ် | ၆၉၂ | ၁၇ | ၁၇ | ၁၀၀ | ၆၇၅ | ၀ | ပြည့်ဝ |
| ၁၀။ | နေပြည်တော် | ၁၃၂ | ၂၉ | ၂၉ | ၁၀၀ | ၁၀၃ | ၀ | ပြည့်ဝ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | ၈ | ၄၄ | ၂၈ | ၀ | ၀ | ၁၆ | ခြောက်သွေ့ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်) | ၅၉ | ၃၀ | ၃၀ | ၁၀၀ | ၂၉ | ၀ | ပြည့်ဝ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်) | Trace | ၄၆ | ၀ | ၀ | ၀ | ၄၆ | ခြောက်သွေ့ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | ၁၀၀ | ၃၄ | ၃၄ | ၆၆ | ၀ | ၀ | စိုစွတ် |
| ၁၅၊ | ပဲခူးတိုင်းဒေသကြီး(တောင်) | ၁၆၃ | ၂၃ | ၂၃ | ၁၀၀ | ၁၄၀ | ၀ | ပြည့်ဝ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၁၅၉ | ၂၄ | ၂၄ | ၁၀၀ | ၁၃၅ | ၀ | ပြည့်ဝ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၁၁၁ | ၂၆ | ၂၆ | ၁၀၀ | ၈၅ | ၀ | ပြည့်ဝ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ၁၂၈ | ၃၁ | ၃၁ | ၁၀၀ | ၉၇ | ၀ | ပြည့်ဝ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ၈၆ | ၃၂ | ၃၂ | ၁၀၀ | ၅၄ | ၀ | ပြည့်ဝ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ၃၁၁ | ၂၈ | ၂၈ | ၁၀၀ | ၂၈၃ | ၀ | ပြည့်ဝ |

**(ဖြစ်နိုင်စွမ်း ပင်ငွေ့ရေငွေ့ပျံနှုန်းအား HARGREAVES METHOD ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။)**

**နောက်ဆက်တွဲ(ဂ)**

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (ဒုတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးဆိုင်ရာမိုးလေဝသ (ပျမ်းမျှ)
အချက်အလက်ခန့်မှန်းချက်များ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | မြို့ | အမြင့်ဆုံး အပူချိန် | အနိမ့်ဆုံး အပူချိန် | ပျမ်းမျှ အပူချိန် | စိုထိုင်းဆ | ပင်ငွေ့ ရေငွေ့ ပျံနှုန်း |
|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ ဖာရင်ဟိုက် | ပျမ်းမျှ (%) | (မမ/၁၀-ရက်) |
| ၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၈၇ | ၇၆ | ၈၁ | ၉၂ | ၂၃ |
| ၂။ | ချင်းပြည်နယ် | ဟားခါး | ၇၃ | ၆၁ | ၆၇ | ၉၂ | ၂၀ |
| ၃။ | ရှမ်းပြည်နယ်(မြောက်) | လားရှိုး | ၈၅ | ၇၂ | ၇၈ | ၈၄ | ၃၁ |
| ၄။ | ရှမ်းပြည်နယ်(တောင်) | တောင်ကြီး | ၇၆ | ၆၅ | ၇၀ | ၈၈ | ၂၃ |
| ၅။ | ရှမ်းပြည်နယ်(အရှေ့) | ကျိုင်းတုံ | ၈၆ | ၇၀ | ၇၈ | ၈၃ | ၃၄ |
| ၆။ | ကယားပြည်နယ် | လွိုင်ကော် | ၈၃ | ၇၀ | ၇၆ | ၈၅ | ၂၄ |
| ၇။ | ကရင်ပြည်နယ် | ဘားအံ | ၈၅ | ၇၄ | ၇၉ | ၉၃ | ၂၁ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၈၅ | ၇၅ | ၈၀ | ၉၁ | ၂၂ |
| ၉။ | ရခိုင်ပြည်နယ် | စစ်တွေ | ၈၅ | ၇၅ | ၈၀ | ၉၂ | ၂၁ |
| ၁၀။ | နေပြည်တော် | ရေဆင်း | ၈၉ | ၇၅ | ၈၂ | ၈၇ | ၃၁ |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | မန္တလေး | ၉၆ | ၈၀ | ၈၈ | ၇၂ | ၄၇ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး (အထက်) | ဟုမ္မလင်း | ၈၇ | ၇၆ | ၈၂ | ၈၈ | ၃၁ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး (အောက်) | မုံရွာ | ၉၈ | ၇၉ | ၈၈ | ၇၆ | ၄၇ |
| ၁၄။ | မကွေးတိုင်းဒေသကြီး | မကွေး | ၉၂ | ၇၄ | ၈၃ | ၈၁ | ၄၀ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး (တောင်) | ပဲခူး | ၈၆ | ၇၃ | ၈၀ | ၉၀ | ၂၆ |
| ၁၆။ | ပဲခူးတိုင်းဒေသကြီး (အရှေ့) | တောင်ငူ | ၈၇ | ၇၅ | ၈၁ | ၉၀ | ၂၆ |
| ၁၇။ | ပဲခူးတိုင်းဒေသကြီး (အနောက်) | ပြည် | ၈၈ | ၇၆ | ၈၂ | ၈၆ | ၂၉ |
| ၁၈။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန် | ၈၇ | ၇၃ | ၈၀ | ၉၀ | ၂၈ |
| ၁၉။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၈၇ | ၇၅ | ၈၁ | ၉၁ | ၂၄ |
| ၂၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၈၄ | ၇၃ | ၇၉ | ၉၃ | ၂၂ |